COMMENTARY
www.salweeninstitute.org
THE SALWEEN INSTITUTE
*for* Public Policy

# ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကာလအတွင်း အသွင်ကူးပြောင်းရေးဆိုင်ရာ စွန့်စားမှုများကို စီမံခန့်ခွဲခြင်း

ပြုစုရေးသားသူ - ရှိုင်းကိုကိုလွင်

## နိဒါန်း

### အပစ်ခတ်ရပ်စဲခြင်းဆိုသည်မှာ အဘယ်နည်း။

အပစ်အခတ်ရပ်စဲခြင်းသည် ပစ်ခတ်တိုက်ခိုက်နေခဲ့ကြသော အစုအဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက်ပိုများသော အစုအဖွဲ့တို့ အကြား ပိုမိုကောင်းမွန်သော နားလည်မှုတစ်ခုကို ရယူနိုင်ရန် အသွင်ကူးပြောင်းခြင်းဆိုင်ရာ အစီအမံ တစ်ခုကို ဖန်တီးထားခြင်း ဖြစ်ပြီး၊ ယင်းအစီအမံသည် ပစ်ခတ်တိုက်ခိုက်နေကြခြင်းများမှ ရပ်စဲပြီး ငြိမ်းချမ်းရေးသို့ ဦးတည်ကူးပြောင်းစေရန် အထောက်အကူပြုသည်။



### အပစ်အခတ် ရပ်စဲခြင်းသည် ငြိမ်းချမ်းရေးလော၊ အသွင်ကူးပြောင်းမှုဆိုင်ရာ အစီအမံတစ်ခုလော။

အပစ်အခတ်ရပ်စဲရေးကို စစ်ပဋိပက္ခတွင် ပါဝင်ကြသည့် အဖွဲ့အစည်းများမှ ဖော်ဆောင်ကြသည့် ပုံစံများသည် စစ်ရေး၊ နိုင်ငံရေး အခြေအနေတို့ပေါ် မူတည်၍ ကွဲပြားနိုင်သည်။ ဖြစ်ပေါ်လာလေ့ရှိသည့် အခြေအနေတို့မှာ ပဋိပက္ခတွင်ပါဝင်နေသည့် အဖွဲ့အစည်းတို့မှ အကြမ်းဖက်မှုများကို မထိန်းသိမ်းနိုင်သောကြောင့်လည်းကောင်း (သို့မဟုတ်) မိမိတို့ စစ်ရေးအင်အား ပြန်လည်ဖြည့်တင်းရန်အတွက်လည်းကောင်း ဆောင်ရွက်ကြလေ့ရှိသည်။

| ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အဆင့်နှင့် ပုံစံများ | တိုက်ပွဲများကိုသာ ရပ်တန့်ခြင်း | နှစ်ဖက်လိုက်နာ ကြမည့် လိုက်နာရန် အစီအမံ များ ပါရှိခြင်း | လုံခြုံရေး ကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များပါရှိခြင်း |
|---|---|---|---|
| တိုက်ပွဲများကို ရပ်တန့်ခြင်း | x | | |
| ပဏာမပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်း | x | x | |
| အပြီးသတ်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲခြင်း | x | x | x |

Source: adopted from Centre for Security Studies, Ceasefires in Intra-State Peace Processes by Govinda Clayton, Simon J. A. Mason, Valerie Sticher, Claudia Wiehler, 2019.

ထို့ကြောင့် အပစ်အခတ်ရပ်စဲရေးကာလအတွင်း အသွင်ကူးပြောင်းရေးဆိုင်ရာ စွန့်စားမှုများကို စီမံခန့်ခွဲရာတွင် အပစ်အခတ်ရပ်စဲခြင်း၏ မူလရည်ရွယ်ချက် မှန်ကန်မှုသည် လွန်စွာအရေးကြီးပါသည်။ ပထမ ရည်ရွယ်ချက်ကို လက်ကိုင်စွဲသည့် နိုင်ငံများသည် မှန်ကန်သည့် အကူးအပြောင်းဆီသို့ ဦးတည်နိုင်ကြသည်။ အနှစ်ချုပ်ဆိုရလျှင် အပစ်ခတ်ရပ်စဲခြင်းသည် ပဋိပက္ခတွင် ပါဝင်နေသည့် အဖွဲ့အစည်းများ အချင်းချင်းအကြား အကြမ်းဖက်တိုက်ခိုက်မှု များကို ရပ်စဲရေးပင်ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရည်ရွယ်ချက်အပေါ်မူတည်ကာ အပစ်ခတ်ရပ်စဲရေးပုံစံ (၃) မျိုး ကွဲပြားသည်။ ပထမပုံစံမှာ အလွတ်သဘော ရပ်စဲမှု informal ceasefire ဖြစ်ပြီး အလွတ်သဘော အစီအမံများနှင့် ပစ်ခတ်တိုက်ခိုက်မှု ဆိုင်းငံ့သည့် သဘောသာဖြစ်သည်။ ဒုတိယပုံစံမှာမူ ပဏာမ အပစ်ခတ်ရပ်စဲမှု preliminary ceasefire ဖြစ်ပြီး တိကျ၊ သေချာသော အစီအမံများ၊ စောင့်ကြည့်ရေး အစီအမံများနှင့် နှစ်ဘက်လိုက်နာရမည့် ကတိကဝတ် များ ပါရှိသည်။

ထို့ထက် ခိုင်မာသော ပုံစံမှာ အဆုံးသတ် အပစ်ခတ်ရပ်စဲမှု (definitive ceasefire) ဖြစ်ပြီး အကြမ်းဖက်ပစ်ခတ်မှု ရပ်စဲခြင်း၊ ပဋိပက္ခတွင် ပါဝင်သူများ လက်နာဆောင်ရွက်ရမည့် အချက်များအပြင် နှစ်ဘက်တပ်ဖွဲ့ဝင်များ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များ code of conducts၊ နှစ်ဘက်တပ်ဖွဲ့များ လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖွဲ့ များ၊ နယ်မြေများ မတိုးချဲ့ရေးနှင့် ပြန်လည်ပေါင်းစည်းရေး (DDR/SSR) လုပ်ငန်း စဉ်များ ပါရှိသည်။ ယေဘုယျ အားဖြင့် ပဏာမအဆင့်ကိုရလျှင်ပင် နိုင်ငံရေးအရ ညှိနှိုင်းဆွေးနွေးမှု စတင်နိုင်သည့်အတွက် ဤပုံစံသည် ကျင့်သုံးမှုအများဆုံး ပုံစံဖြစ်သည်။

# အပိုင်း (၁) အပစ်အခတ်ရပ်စဲခြင်းမှ အသွင်ကူးပြောင်းမှုများ

အခြေခံအားဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲခြင်းဖြစ်စဉ်ကိုယ်၌ကပင် အသွင်ကူးပြောင်းရေးကာလဆိုင်ရာ စီမံ ဆောင်ရွက်မှု တစ်ရပ်ပင်ဖြစ်သည်။ ထိုဖြစ်စဉ်သည် လားရာ (၃) ရပ်သို့ ဦးတည်နေသည်ဟု ရှုမြင်နိုင်သည်။ ယင်း တို့မှာ -

၁။ နိုင်ငံရေးစနစ်သစ်တစ်ရပ်ထံ ကူးပြောင်းခြင်း၊

၂။ လုံခြုံရေးစနစ်သစ်တစ်ရပ်ထံ ကူးပြောင်းခြင်းနှင့်

၃။ မတူကွဲပြားသော လူ့အဖွဲ့အစည်း အနည်းဆုံး နှစ်ရပ်အား ပြန်လည်ပေါင်းစည်းခြင်းတို့ဖြစ်သည်။

## အပစ်အခတ်ရပ်စဲခြင်းမှသည် လုံခြုံရေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဆီသို့

အပစ်အခတ်ရပ်စဲစဉ်ကာလအတွင်း ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူတိုင်းတို့သည် အနာဂတ်တွင် ၎င်းတို့၏ တပ်များကို ပြင်ဆင်ဖွဲ့စည်းခြင်းများ မလွဲမသွေ ဆောင်ရွက်ရမည်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရခြင်းသည် ထိုသို့ ပေါင်းစည်းခြင်းမပြုမီတွင် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ပြန်လည်မဖြစ်ပွားစေရန်နှင့် ယုံကြည်မှုမထိခိုက် စေရန် လွန်စွာ အလေးထား ဆောင်ရွက်ရမည်ဖြစ်သည်။

ပဏာမအပစ်အခတ်ရပ်စဲမှုဖြစ်စေ၊ အဆုံးသတ်အပစ်အခတ်ရပ်စဲမှုဖြစ်စေ နှစ်ရပ်စလုံးက လုံခြုံရေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဆီသို့သာ ဦးတည်မည်ဖြစ်သည်။ အပြန်အလှန် ယုံကြည်မှုတည်ဆောက်ခြင်း၊ မိမိတို့၏ တပ်ပိုင်း ဆိုင်ရာ အမိန့်ပေးထိန်းချုပ်နိုင်စွမ်း capacity of command and control ကို ပြသနိုင်ခြင်း၊ နိုင်ငံရေး ဆွေးနွေးနေချိန် အတွင်း ပဋိပက္ခတွင် ပါဝင်နေသော တပ်ဖွဲ့တို့အချင်းချင်းအကြား တိုက်ပွဲများ မပေါ်ပေါက်အောင် ထိန်းသိမ်းနိုင်ခြင်း ဖြင့် အနာဂတ်တွင် တပ်ဖွဲ့များ ပေါင်းစည်းခြင်းကို ပိုမိုအထောက်အကူပြုနိုင်သည်။ ထိုသို့သော အခြေအနေကို ထိန်းသိမ်းရန်မှာ လွယ်ကူလှသည့် ကိစ္စမဟုတ်သည့်အတွက် အကောင်အထည်ဖော်မှုဆိုင်ရာ စွန့်စားမှု operational risk တခုပင်ဖြစ်သည်။

## အပစ်အခတ်ရပ်စဲခြင်းမှသည် နိုင်ငံရေးစနစ်သစ်တစ်ရပ်ကို ဦးတည်ကူးပြောင်းခြင်း

ပဋိပက္ခလွန်နိုင်ငံတို့သည် နိုင်ငံရေးစနစ်တစ်ရပ်ကို မလွဲမသွေ ကူးပြောင်းရပြီး ထိုသို့ပြောင်းလဲမှုသည် အလွန် ထိရှလွယ်သော နိုင်ငံရေးစိတန်ဖိုးများနှင့် ထိတွေ့ရခြင်းဖြစ်သည်။ အပစ်အခတ်ရပ်စဲမှုနှင့် တိုက်ရိုက် သက်ဆိုင် နေပြီး ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူတို့၏ အစဉ်တစိုက် ဆုပ်ကိုင်လာကြသော နိုင်ငံရေးတန်ဖိုးတို့ကို ဖလှယ် သုံးစွဲရခြင်းသာဖြစ်သည်။ ထိုသို့ ဖလှယ်သုံးစွဲရာတွင် နိုင်ငံရေးဝါဒ ကွာဟမှုများသည်နှင့်အမျှ နိုင်ငံရေးအရ ညှိနှိုင်းရန် ခက်ခဲလေဖြစ်သည်။ ဥပမာဆိုရလျှင် လက်ဝဲယိမ်းနိုင်ငံရေးအယူအဆကို ကျင့်သုံးသော အဖွဲ့အချင်းချင်းအကြား ညှိနှိုင်းဖလှယ်သုံးစွဲရခြင်းထက်၊ လက်ယာယိမ်းအစုအဖွဲ့နှင့် လက်ဝဲယိမ်းအစုအဖွဲ့တို့အကြား ညှိနှိုင်းဖလှယ်သုံးစွဲ ရခြင်းက ပိုမိုသိသာစွာ ခက်ခဲနေမည်ဖြစ်သည်။

ထို့ကြောင့် အပစ်အခတ်ရပ်စဲနေစဉ်တွင်လည်း နှစ်ဘက်၏ နိုင်ငံရေးအမြင်ကို နှံ့စပ်သေချာစွာ လေ့လာဆန်းစစ်ခြင်း နှင့် အပြန်အလှန် ညှိနှိုင်းဆွေးနွေးသည့် နိုင်ငံရေးဖြစ်စဉ်များကို အဆင်ပြေချောမွေ့အောင်မြင်နေရန် လိုအပ်သည်။ သို့ရာတွင် ထိုနိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်မှုမရှိပါက ပစ်ခတ်မှုတို့ကို ကြာရှည်စွာ ထိန်းသိမ်းထားနိုင်ရန် ခက်ခဲလာမည်ဖြစ်သည်။ ယင်းသည် ဖြစ်နိုင်ချေများတတ်သည့် နိုင်ငံရေးဆိုင်ရာ စွန့်စားမှု political risk ဖြစ်သည်။

## အပစ်အခတ် ရပ်စဲခြင်းမှသည် အသိုက်အဝန်းများ ပြန်လည်ပေါင်းစည်းခြင်း

အပစ်အခတ်ရပ်စဲစဉ်ကာလအတွင်း အစီအမံတို့သည် လက်ရှိ အပစ်အခတ်ရပ်စဲနေစဉ်ကာလတစ်ခုတည်းကိုပင် မျက်မှောက်ပြုရန် မဖြစ်နိုင်ပေ။ စင်စစ်တွင် ပဋိပက္ခတစ်ရပ်သည် လူမှုရေးရှုထောင့်ကကြည့်လျှင် မတူသော လူ့အဖွဲ့အစည်းတို့ကြားမှ လူမှုသဟဇာတဖြစ်မှုအခြေအနေတစ်ရပ် ပျက်ယွင်းသွားခြင်းမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုကာလအတွင်းတွင် လူ့အခွင့်အရေးနှင့် အခြေခံအခွင့်အရေးဆိုင်ရာ ကိစ္စရပ်တို့ကို ပိုမို အာမခံနိုင်ရန် လိုအပ်သည်။ ယင်းကာလအတွင်း လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့အတွက် အာမခံမှုကို ယခင်အချိန်များထက် ပိုမိုအလေးပေးရန် လိုအပ်လှသည်။ ဒေသန္တရငြိမ်းချမ်းရေး တည်ဆောက်မှု local peace building ဆိုင်ရာ ကိစ္စများ၊ ပြည်သူ့ဆက်ဆံရေးနည်းနာများ public relations နှင့် အဓိက သက်ဆိုင်သည်။ ယင်း သည်လည်း အသွင်ကူးပြောင်းရေးကာလတိုင်းတွင် တွေ့မြင်ရသည့် လုံခြုံရေးဆိုင်ရာ စွန့်စားမှု transitional security risk ပင်ဖြစ်သည်။

# အပိုင်း (၂) စွန့်စားမှုများ Risks ကို စီမံခန့်ခွဲခြင်း

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပစ်အခတ်ရပ်စဲမှုကာလသည် ယခင်အခြေအနေမှ စစ်ရေး၊ နိုင်ငံရေးနှင့် လူမှုရေးအသွင်ကူးပြောင်းမှုတို့ကို ကြားခံနယ် ပို့ဆောင်ပေးနိုင်သည်။ သို့ရာတွင် ထိုကာလအတွင်း ပေါ်ပေါက်လာနိုင်ချေအရှိဆုံး စွန့်စားမှုများကို လျှော့ချနိုင်သည်နှင့်အမျှ အသွင်ကူးပြောင်းမှု တိုးတက်အောင်မြင်မှု ပေးနိုင်လေဖြစ်သည်ဟု ကောက်ချက်ချနိုင်ပေသည်။ ထို့ကြောင့် ထိုစွန့်စားမှုများကို တတ်နိုင်သမျှနှင့် အထိရောက်ဆုံး လျှော့ချနိုင်မည့် အကြောင်းအရာတို့ကို လေ့လာကြည့်ရမည်ဖြစ်သည်။

## တပ်ဖွဲ့များ အသုံးပြုပုံနှင့် စိတ်ဓါတ်ရေးရာတို့ကို စီမံခြင်း
## Managing Command and Control

ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူတို့သည် ယခင်က တစ်ဖက်နှင့် တစ်ဖက် ရှုမြင်ပုံ ပြောင်းလဲရခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် လိုက်နာမှုတို့ပြောင်းလဲရခြင်းများနှင့် ရင်ဆိုင်ကြရသည်။ နိုင်ငံတကာ ဖြစ်စဉ်များတွင် မြင့်တွေ့ ရလေ့ရှိသည်မှာ တပ်ဖွဲ့တို့ ၏ အစဉ်အလာအရ ကာလကြာမြင့်စွာ အသုံးပြုခဲ့သည့် တပ်ဖွဲ့များနှင့် ယင်းတို့ကို စိတ်ဓါတ်ရေးရာ စီမံခန့်ခွဲမှုတို့ ပြောင်းလဲခြင်းများနှင့် ရင်ဆိုင်ကြရသည်။

ပထမအချက်အနေဖြင့် ပဋိပက္ခတွင် ပါဝင်သူများအနေဖြင့် မိမိတို့၏ တပ်ပိုင်းဆိုင်ရာ အသုံးပြုပုံကို ပြောင်းလဲနိုင်ရမည်။ ယင်းတို့ ပြောင်းလဲရာတွင် မိမိတို့တပ်များ၏ အဆင့်ဆင့် ကွပ်ကဲရာတွင် ယယခင်အတိတ်မှ အပြန်အလှန် ရှုမြင်ပုံကို လျှော့ချ (သို့မဟုတ်) ဖယ်ရှားပေးခြင်း၊ တပ်များ နေရာချထားမှုကို သုံးသပ်ပြီး ညှိနှိုင်း ဆောင်ရွက်ရမည်။ ထိုသို့ ပြောင်းလဲရာတွင် နှစ်ဘက်အကျိုးများစေမည့် နိုင်ငံရေးဆွေးနွေးနေသည့် ကာလ အတွင်း တိုက်ပွဲများ မဖြစ်ပွားစေရေး စိတ်အားထက်သန်မှုကို ပြခြင်း၊ မိမိတို့၏ အမိန့်ပေး ထိန်းချုပ်နိုင်စွမ်းကို ပြသနိုင်ခြင်း၊ ယုံကြည်မှု တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းတို့ အဆက်မပြတ် ရှိနေစေရမည်။

## နိုင်ငံရေးအတွေးအခေါ်၊ အကျိုးစီးပွား ကွာခြားမှုတို့ကို စီမံခန့်ခွဲခြင်း

အတွေးအခေါ်နှင့် အကျိုးစီးပွား ကွာခြားမှုသည် ပါဝင်ပတ်သက်သူများလေ စီမံရ ခက်ခဲလေဖြစ်သည်။ အကြောင်းမှာ မတူညီသော နိုင်ငံရေးအတွေးအခေါ်နှင့် အကျိုးစီးပွားအမြင်များ ရှိကြသည့် ပါဝင်ပတ်သက်သူများသည် မည်သည့်အခါမှ သဘောတူကြမည်မဟုတ်ပေ။ ထို့ကြောင့် ပဋိပက္ခတွင် ပါဝင်နေသူများ ဘုံ သဘောတူလက်ခံနိုင်သည့် နိုင်ငံရေးအရ နားလည်မှုတရပ်ကို မလွဲမသွေ တည်ဆောက်နိုင်ရမည်။

ဤနေရာတွင် ပထမဆင့် အရေးကြီးဆုံးမှာ ပါဝင်သူများ၏ အရေအတွက်နှင့် ၎င်းတို့၏ နိုင်ငံရေး သဘောဆန္ဒ (political will) အလွန်အရေးကြီးပါသည်။ ပုံမှန်အားဖြင့် ပဋိပက္ခတွင် ပါဝင်သူများမှာ နှစ်ဘက်တည်းသာ ပါလေ့ရှိသော်လည်း ထိုထက် ပိုများပါက နိုင်ငံရေအတွေးအခေါ်၊ နိုင်ငံရေး သဘောဆန္ဒများ ပိုမို ကွဲပြား ခြားနားကြမည် ဖြစ်သည့်အတွက် ညှိနှိုင်းဆွေးနွေးခြင်းများကို ပိုမိုခက်ခဲစေနိုင်ပါသည်။ ယင်းအခြေအနေကို ထိန်းသိမ်းနိုင်ရန် အချိုးမညီသော နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းမှုများဖြင့် ဖြေရှင်းနိုင်သည်။ ထို့အပြင် နိုင်ငံရေးလေ့လာမှုများ၊ နိုင်ငံရေး နှီးနှောဖလှယ်ပွဲများ အတူတကွ ပြုလုပ်ခြင်းဖြင့် နိုင်ငံရေးကွဲလွဲမှုများကို လျှော့ချနိုင်သည်။

ထို့အပြင် နိုင်ငံရေးဆွေးနွေးမှုများသည် ပစ်ခတ်တိုက်ခိုက်မှုများ ချုပ်ငြိမ်းနိုင်စွမ်းရှိသည့်အလျောက် မြေပြင်တိုက်ပွဲ အခြေအနေများနှင့် တိုက်ရိုက်မချိတ်ဆက်ထားရန် လိုအပ်သည်။ ထိုသို့ ချိတ်ဆက်ထားခြင်းသည် နိုင်ငံရေးဆိုင်ရာ ဆွေးနွေးပွဲများကို ထိခိုက်ပြီး အဆိုးကျော့ သံသရာဆီ ဦးတည်စေနိုင်သည်။

### ရပ်ရွာလူထုအပေါ် ထိတွေ့ဆက်ဆံမှု စီမံခန့်ခွဲခြင်း

လူနည်းစုဆိုင်ရာ အခွင့်အရေးများ၊ နေရပ်ပြန်လည်ပြောင်းရွှေ့ခြင်းဆိုင်ရာ၊ မြေယာပိုင်ဆိုင်မှုဆိုင်ရာ ကိစ္စရပ်များကို အပစ်အခတ်ရပ်စဲကာလတွင် သတိထားကိုင်တွယ်ရမည်ဖြစ်သည်။ အကြောင်းမှာ အချို့သော ပဋိပက္ခ နောက်ကြောင်းပြန်ကြသည့် နိုင်ငံများတွင် ပဋိပက္ခတွင် ပါဝင်သူများမှ ပြန်လည်နောက်ကြောင်းပြန်ခြင်း မဟုတ်ဘဲ ဒေသခံရပ်ရွာလူထုတို့၏ ပြဿနာများကို ထိရောက်စွာ ဖြေရှင်းပေးနိုင်ခြင်းမရှိခြင်းကြောင့် ပေါ်ပေါက်လာသည့်ကို တွေ့ရသည်။

ဤနေရာတွင် အရပ်သားပြည်သူလူထုတို့၏ ပါဝင်မှုနှင့် ၎င်းတို့နှင့် ဆက်ဆံမည့် နည်းနာများကို နှစ်ဘက် ပါဝင်သူတို့ အတူတကွ သတ်မှတ်ပြီး ပူးပေါင်းဆောင်ရွက်ခြင်း (သို့မဟုတ်) ထိုအရေးအရာများအတွက် အထူးအဖွဲ့တစ်ခုအား တာဝန်အပ်နှင်းခြင်းများ ပြုလုပ်လေ့ရှိကြသည်ကို တွေ့ရသည်။

# အပိုင်း (၃) မြန်မာနိုင်ငံ၏ အပစ်အခတ်ရပ်စဲမှု အခြေအနေကို ပြန်လည်သုံးသပ်ခြင်း

လက်ရှိတစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်သည် တပ်ဖွဲ့များ ဖြုတ်သိမ်းရေး၊ လက်နက်ဖျက်သိမ်းခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ (DDR) (သို့) လုံခြုံရေးကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲမှုများ (SSR) များကို အပြီးအစီးဆောင်ရွက်နိုင်ရန် သဘောတူနိုင်သည့် စာချုပ်အမျိုးအစား မဟုတ်သည့်အတွက် အဆုံးသပ် ရပ်စဲခြင်း definitive ceasefire မဟုတ်ပေ။ နိုင်ငံရေးဆွေးနွေးမှုများရှိနေမှသာ ရှင်သန်နေနိုင်မည့် preliminary ceasefire ပုံစံသာဖြစ်သည်။ ယင်းသည်နိုင်ငံရေးဆွေးနွေးစဉ်အတွင်း အပစ်အခတ်ရပ်စဲထားနိုင်ယုံ အဆင့်တွင်သာ ရှိသည်။

ထို့အပြင် ပါဝင်ပက်သက်သည့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များမှာ- နှစ်ဘက်ထက်ပိုမိုသည့် အပြင် လက်ရှိအပစ်အခတ် ရပ်စဲမှုတွင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အားလုံးကို ပါဝင်နိုင်စေမှုမရှိခြင်းက လက်ရှိအပစ်အခတ်ရပ်စဲမှုကို အားလျော့စေသည်။ နိုင်ငံ၏ တရားဝင် လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် တပ်မတော်အနေဖြင့် အရပ်သားအုပ်ချုပ်အောက်တွင်မဟုတ်ဘဲ သီခြားစင်ပြိုင်ဖြစ်နေခြင်းနှင့် လက်ရှိအာဏာရ အစိုးရအနေဖြင့် တပ်မတော်နှင့် ညှိနှိုင်းဆောင်ရွက်နိုင်မှုမရှိခြင်းတို့က နိုင်ငံရေးညှိနှိုင်းဆောက်ရွက်မှုကို ထပ်တူမချမှတ်နိုင်သည့် အားနည်းချက်များဖြစ်သည်။ ယင်းမှာ နိုင်ငံတကာဖြစ်စဉ်များနှင့် မတူညီသော ထူးခြားချက်များဖြစ်နေသည်။

ထို့ကြောင့် လက်ရှိအပစ်အခတ်ရပ်စဲရေးကိုပိုမိုအားကောင်းလာစေပြီး စွန့်စားမှုများနည်းလာစေရန် လက်မှတ်ရေးထိုးထားခြင်း မရှိသည့် အဖွဲ့များကို ဆွဲဆောင်ခေါ်ယူရမည်။ ထိုမှသာ လက်ရှိအပစ်အခတ်ရပ်စဲရေးသည် ပိုမိုအားကောင်းလာစေမည် ဖြစ်သည်။ ထို့အပြင် တပ်မတော်နှင့် အစိုးရသည် နိုင်ငံရေးသဘောထား ထပ်တူဖြစ်ရန်လိုအပ်ပြီး၊ တပ်မတော်အနေဖြင့်လည်း အရပ်သားအစိုးရ၏ ဩဇာခံယူရန်လိုအပ်သည်။ အလားတူပင် အရပ်သားအစိုးရများအနေဖြင့် နိုင်ငံရေးအမြင် အားကောင်းရန်နှင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြားတွင် ရှုမြင်မှုမှန်ကန်ရန်လိုအပ်သည်။

ထို့အပြင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတွင် ပါဝင်သူတို့မှာ နှစ်ဦးထက်ပိုသည့် ပုံစံမျိုးဖြစ်ပြီး နိုင်ငံရေးအတွေးအခေါ်၊ အကျိုးစီးပွားနှင့် နယ်မြေထိန်းချုပ်မှုတို့ ကွဲပြားခြားနားခြင်းများ ရှိနေသည်။ နယ်နိမိတ် အတိအကျသတ်မှတ်ရန် ခက်ခဲမှုများရှိနေခြင်း၊ ပဋိပက္ခတွင်း ပါဝင်နေသည့် တပ်ဖွဲ့တို့၏ အမိန့်နှင့် ထိန်းချုပ်နိုင်စွမ်းများအားနည်းနေပြီး အပြန်အလှန် နီးနှောဖလှယ်မှုများ ဆောင်ရွက်ရန် လိုအပ်နေသည့်အတွက် မကြာခဏဆိုသလို နယ်မြေလုပ်ရှားမှုများတွင် ချိတ်ဆက်မှုများအားနည်းခြင်းကြောင့် ထိတွေ့မှုများရှိနေဆဲဖြစ်သည်။

ထို့ကြောင့် နိုင်ငံရေးဆွေးနွေးမှုများတွင် ပါဝင်နေသူများ၏ အကျိုးစီးပွားအခြေအနေ၊ နယ်မြေအခြေအနေနှင့် တိုက်ရိုက်ချိတ်ဆက်ပြီး ဆွေးနွေးရန် လွန်စွာ ခက်ခဲပေလိမ့်မည်။ နိုင်ငံရေးဆွေးနွေးမှုအခြေအနေများကို တိုက်ပွဲပေါ်ပေါက်မှုနှင့် တိုက်ရိုက် မချိတ်ဆက်ထားဘဲ နိုင်ငံရေးဆွေးနွေးပွဲများအတွက် အရှိန်အဟုန်မြင့် ထွက်ပေါက်ရှာ ရမည်ဖြစ်သည်။ တပြိုက်နက်တွင် ယခင်ကျင့်သုံးခဲ့သည် လုပ်ထုံးလုပ်နည်းများကို စွန့်ပစ်ပြီး အသွင်းကူးပြောင်း ကာလအတွင်းကျင့်သုံးရန် ကျင့်ဝတ်လုပ်ထုံးလုပ်နည်းများကို ချမှတ်ကျင့်သုံးရန် လက်နက်ကိုင်တပ်ဖွဲ့များ အနေဖြင့် ချမှတ်ဆောင် ရွက်နိုင်ရမည်။

ဒေသခံလူထုတို့နှင့်ပတ်သက်သည့် ပါဝင်ခွင့်နှင့် အကူးအပြောင်းကာလအတွင်း ပြည်သူ့ လုံခြုံရေး အတွက် နှစ်ဘက်လေးစားလိုက်နာမည့် အကောင်အထည်ဖော်ဆောင်ရေး အစီအမံများ အထူးလေးစားနိုင်ရန် လိုအပ်သည်။ ယင်းအစီအမံ သည် ဒေသတွင်း တည်ရှိသော နေရပ်ပြန်လည်ပြောင်းရွှေ့ရေး၊ အခြေခံလူ့အခွင့်အရေးနှင့် မြေယာ ပိုင်ဆိုင်မှုများ ကို အာမခံနိုင်ရန် မဖြစ်မနေ လိုအပ်နေသည်။ သို့ဖြစ်ပါ၍ အထက်တွင် ဖော်ပြဆွေးနွေးခဲ့သည့် စွန့်စားမှု (၃) ရပ် လုံးကိုပြန်လည်သုံးသပ်ပြီး အကူးအပြောင်းပုံစံ (၃) ရပ်လုံးကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်မည်ဖြစ်သည်။

# နိဂုံးချုပ်

အပစ်အခတ်ရပ်စဲရန် လိုအပ်ခြင်းသည် ပစ်ခတ်တိုက်ခိုက်မှုများ ရှိနေသည့်အတွက်ကြောင့်ဖြစ်သည်။ ပဋိပက္ခတွင် ပါဝင်နေကြသည့် အဖွဲ့အစည်းများအနေနှင့် နိုင်ငံရေးအတွေးအခေါ်များ၊ အကျိုးစီးပွားများ ကွဲပြားနေကြ သည့် အတွက် ပဋိပက္ခဖြစ်ကြရခြင်းဖြစ်သည်။ အပစ်အခတ်ရပ်စဲရခြင်း၏ ရည်ရွယ်ချက်မှာ ထိုသို့ ကွဲပြားနေသည့် နိုင်ငံရေးအတွေးအခေါ်များကို နိုင်ငံရေးဆွေးနွေးညှိနှိုင်းခြင်းများမှတဆင့် ဘုံနားလည်မှုတည်ဆောက်ပြီး သဘော တူညီမှုတစ်စုံတစ်ရာ ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာ ယာယီရပ်စဲထားသည့် အပစ်အခတ် ရပ်စဲခြင်းကို ရည်ရှည်တည်တံ့ခိုင်မြဲစေပြီး နောက်နောင်တွင်လဲ ဤကဲ့သို့သော စစ်ပဋိပက္ခများ ပြန်လည်ဖြစ်ပွား ခြင်းများ မရှိစေရန် စီမံခန့်ခွဲနိုင်မှသာ ငြိမ်းချမ်း၍ သာယာဝပြောသော နိုင်ငံကို ဝိုင်းဝန်းထူထောင်နိုင်ကြမည် ဖြစ်သည်။

THE SALWEEN INSTITUTE
*for* Public Policy

သံလွင်ပြည်သူ့ရေးရာ မူဝါဒလေ့လာရေးအဖွဲ့ *(Salween Institute)* သည် လူမှုတရားမျှတ ရေး *(social justice)*၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်သိမှု *(environmental responsibilities)* နှင့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုင်ရာ အခွင့်အရေး အရေးများကို အခြေခံသည့် ပြည်သူ့ရေးရာ မူဝါဒများပေါ်ပေါက်လာရေးအတွက် ယထာဘူတကျသည့် သုံးသပ်ချက်များ နှင့် အနီးကပ်နည်းပညာ အထောက်အကူပြုခြင်းများ ရောစပ်ပြီး လူမှုအသိုင်းအဝိုင်းများကို စွမ်းရည်မြှင့်တင်ပေးနေသည့် အဖွဲ့ဖြစ်သည်။

*www.salweeninstitute.org*

*@thesipp*

COMMENTARY
www.salweeninstitute.org